# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “Myanmar Parliamentary Digital Transformation and AI initiative” ရှင်းလင်းတင်ပြ

နေပြည်တော် ဇူလိုင် ၁၆

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) က ကြီးမှူး၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် “Myanmar Parliamentary Digital Transformation and AI initiative” ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် “မြန်မာ့လွှတ်တော် ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းနှင့် AI နည်းပညာအသုံးချမှု” အစီအစဉ်သည် မိမိတို့ လွှတ်တော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုအတွက် လွှတ်တော်၏ လုပ်ငန်း ဆောင်ရွက်ချက်များ၊ ဥပဒေပြဋ္ဌာန်းချက်များကို အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီ သိရှိနိုင်ရေး အတွက် အလွန်အရေးကြီးသည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ပါကြောင်း၊

နည်းပညာခေတ်တွင် ပြည်သူလူထုသတင်းအချက်အလက် လွယ်ကူစွာလက်လှမ်းမီ နိုင်ရေးသည် မိမိတို့လွှတ်တော်၏ အဓိကတာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ လွှတ်တော် လုပ်ငန်းစဉ်များတွင် AI နည်းပညာကို စနစ်တကျပေါင်းစပ်အသုံးပြုခြင်းအားဖြင့် ပွင့်လင်း မြင်သာမှုကို ဖော်ဆောင်နိုင်မည်ဖြစ်သလို၊ ပြည်သူလူထု၏အသံနှင့် ဆန္ဒများကိုလည်း ပိုမို နီးကပ်စွာ ကြားသိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အစည်းအဝေးများ၌ အသံမှ စာသားပြောင်းစနစ် (Speech to Text) ဖြင့် တိုက်ရိုက်မှတ်တမ်းတင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးအတွက် ဘာသာစကားအလိုအလျောက် ပြန်ဆိုပေးခြင်း၊ ဥပဒေကြမ်းများ တည်ဆဲဥပဒေနှင့် ညှိနှိုင်းစိစစ်ပေးခြင်း၊ မေးခွန်းဖိုင်များကို သော့ချက်စကားလုံးများဖြင့် လျင်မြန်စွာ ရှာဖွေပေးခြင်းတို့အပြင် ပြဋ္ဌာန်းလိုက်သည့် ဥပဒေများ၏ သက်ရောက်မှုကိုလည်း ဘက်ပေါင်းစုံက နှိုင်းယှဉ်သုံးသပ်ပေးနိုင်မည့်အပြင် ပုံမှန်ရုံးလုပ်ငန်းများတွင် အချိန်ကုန်သက်သာစေပြီး မိမိတို့ကိုယ်စားလှယ်ကြီးများကို ပြည်သူ့အတွက် မဟာဗျူဟာကျသည့် မူဝါဒရေးရာများကို ပိုမိုအာရုံစိုက်ခွင့်ရရှိစေမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ရိုးရှင်းသည့် e-Government စနစ်ကနေ ဉာဏ်ရည်တုနည်းပညာသုံး ခေတ်မီထိရောက်သည့် စီမံအုပ်ချုပ်မှုစနစ် (AI-driven Smart Governance) ဆီသို့ ကူးပြောင်းရန် လိုအပ်နေပါကြောင်း၊ သို့သော်လည်း ထိုနည်းပညာကို အသုံးချရာတွင် ခိုင်မာသည့် ဥပဒေကြောင်းဆိုင်ရာမူဘောင် (Legal Framework) ရှိရန် လိုအပ်သလို၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဘက်လိုက်မှုကင်းစေရေး (Anti-Bias) တို့ကို တိကျစွာ ပြဋ္ဌာန်းရမည် ဖြစ်ပါကြောင်းနှင့် e Parliament ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တစ်ချိန်တည်းတွင် ပြည်သူများအတွက် AI Chatbot များက တစ်ဆင့် ၂၄ နာရီပတ်လုံး သတင်းအချက်အလက်မေးမြန်းစုံစမ်းနိုင်အောင် ဖော်ဆောင်ပေးရမည်ဖြစ်သလို၊ ပြည်သူများ၏ အကြံပြုချက်များကိုလည်း AI နှင့် စနစ်တကျဆန်းစစ်ပြီး ပိုမိုမြန်ဆန်ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။

AI နည်းပညာသည် လူသားများကို အစားထိုးရန်မဟုတ်ဘဲ မိမိတို့၏ လုပ်ဆောင်ချက်နှင့် ဆုံးဖြတ်ချက်များကို ပိုမိုမှန်ကန်တိကျလာစေရန် ဘေးကနေ ပံ့ပိုးကူညီပေးမည် အဖိုးတန် ကိရိယာတစ်ခုသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လွှတ်တော်အနေဖြင့် ခေတ်မီနည်းပညာများကို ရဲရဲဝံ့ဝံ့လက်ခံကျင့်သုံးပြီး ပြည်သူ့အသံကို တလေးတစား နားထောင်ကာ ပြည်သူနှင့်အစဉ်အမြဲ တစ်သားတည်းရှိသည့် ခေတ်မီလွှတ်တော်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ကိုယ်စားလှယ်ကြီးများ အားလုံးစည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒေါက်တာကျော်မောင်က Myanmar Parliamentary Digital Transformation and AI initiative နှင့်စပ်လျဉ်း၍ AI အခြေခံသဘောတရားများ၊ လွှတ်တော်တွင် AI နည်းပညာသုံးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ နိုင်ငံတကာ လွှတ်တော်များတွင် AI နည်းပညာအသုံးပြုနေမှု၊ မြန်မာနိုင်ငံလွှတ်တော်အတွက် AI အသုံးပြုမှု နှင့် ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး အကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။